


# AThaByar (အသပြာ)

## User Guide (အသုံးပြုနည်း လမ်းညွှန်)


AThaByar( Money Management ) app helps a lot to manage money between a person's income and expenses.
No need to worry about accounting, just download this app and you will solve your financial problems.
The AThaByar App was launched with a free version for everyone's financial problems.

အသပြာအက်ပ်သည် ကုန်ကျစရိတ်မှတ်တမ်းများကို အလွယ်တကူ ပြန်လည်သုံးသပ်နိုင်ပြီး သင့်အတွက် မလိုအပ်သော အသုံးစရိတ်များကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။
ဤအသပြာ အက်ပ်သည် လူတစ်ယောက်ရဲ့ ဝင်ငွေနှင့် အသုံးစရိတ်များကြားတွင် ငွေကြေးကို စီမံခန့်ခွဲရန် များစွာ ကူညီပေးသည်။
လူတိုင်းအတွက် အခမဲ့ဗားရှင်းဖြင့် ဤ AThaByar App ကို စတင်တည်ထောင်ထားပါတယ်။
သိရှိလိုသော အချက်အလက်များရှိပါက athabyar@gmail.com သို့ဆက်သွယ်နိုင်ပါတယ်။


# အဆင့်(၁)

အသပြာ အက်ပ်ကို ဒေါင်းလုပ်ဆွဲပြီး စတင်အသုံးပြုပါက မိမိဒေတာများကို သိမ်းဆည်းနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း အကောင့်တစ်ခုဖွင့်ပေးရန်လိုအပ်ပါသည်။


အကောင့်အသစ် ဖွင့်လိုသူများသည် **Sign Up** ကို နှိပ်ပေးပါ။
အကောင့်ဖွင့်ပြီးသူများကတော့ **log in** ကိုပဲနှိပ်ပေးပါ။




မိမိအသုံးပြုနေသော ဖုန်းနံပါတ်ကို ထည့်ပေးပါ။





မိမိဖုန်းသို့ကျလာသော OTP ကုဒ်ကို ထည့်ပေးပါ။




## အဆင့်(၂)

**OTP** ကုဒ်ထည့်ပြီးပါက မိမိဒေတာများကို သိမ်းဆည်းနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း အကောင့်တစ်ခုဖွင့်ကာ အသပြာအက်ပ်ထဲသို့ ဝင်ရောက်နိုင်ပါပြီ။


မိမိအသုံးပြုလိုသော လျှို့ဝှက် နံပါတ်တစ်ခုအားဖန်တီးကာ ရိုက်ထည့်ပေးပါ။




အကောင့်ဖွင့်ရန် အသုံးပြုခဲ့သော ဖုန်းနံပါတ်နှင့် ဖန်တီးထားသော လျှို့ဝှက် နံပါတ်တို့ကို ရိုက်ထည့်ပြီး **Log in** ဝင်ပါ





အသပြာ အက်ပ်ကို စတင်အသုံးပြုနိုင်ပါပြီ။



# အဆင့်(၃) အကောင့်ဝင်ရောက်ပြီးပါက အောက်ဖော်ပြပါအတိုင်း စာရင်းစတင်မှတ်နိုင်ပါပြီ။


## စာရင်းမှတ်ခြင်းနှင့် အကောင့်အမျိုးအစားများ




စာရင်းစတင်မှတ်လိုပါက
အပေါင်းခလုတ်လေးကို နှိပ်ပေးပါ။

ပထမဦးစွာ **Income** (ဝင်ငွေ)၊ **Expense** (ကုန်ကျစရိတ်) ထဲမှ မိမိထည့်လိုသည်ကို ရွေးချယ်ပြီးပါက မိမိမှတ်သားလိုတဲ့ ငွေပမာဏထည့်ကာ ထည့်သွင်းလိုသည့် အကောင့်အမျိုးအစားကို ရွေးချယ်ကာ စာရင်းထည့်နိုင်ပါပြီ။


အသပြာ အက်ပ်ထဲတွင် ထည့်သွင်းပေးထားသော အကောင့်တွေထဲကနေ တစ်ခါထဲ စာရင်းမှတ်လို့ ရသလို နောက်ထပ် မိမိထည့်သွင်းလိုတဲ့ အကောင့်အမျိုးအစားတွေကိုပါ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။



# အဆင့်(၄)


အသပြာအက်ပ်မှထည့်သွင်းပေးထားသော အကောင့်အမျိုးအစားများထက် မိမိနှစ်သက်ရာ အကောင့်အမျိုးအစားအသစ်များကို ထည့်သွင်းလိုပါက အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်နိုင်ပါတယ်။

## စာရင်းမှတ်ခြင်းနှင့် အကောင့်အမျိုးအစားများ





အကောင့်အမျိုးအစားအသစ်များ ပြုလုပ်လိုပါက ဖော်ပြပါအပေါင်းလက္ခဏာကို နှိပ်ပေးပါ။

ဖော်ပြပါ အပေါင်း လက္ခဏာကိုနှိပ်ပြီး မိမိထည့်လိုတဲ့ အကောင့်အမျိုးအစားအသစ် များကို ထည့်သွင်းနိုင်ပါပြီ။




နှစ်သက်ရာ အကောင့်အမျိုးအစားကို ထည့်သွင်းပြီးပါက ဖော်ပြပါ **save** ခလုတ်ကို နှိပ်ပြီး သိမ်းဆည်းလိုက်ပါ။




## အဆင့်(၅)


အသပြာအက်ပ်မှထည့်သွင်းပေးထားသော အကောင့်အမျိုးအစားများကို မိမိနှစ်သက်ရာ ပြင်ဆင်ခြင်းနှင့် ဖျက်ခြင်းတို့ကို အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်နိုင်ပါတယ်။

### ထည့်သွင်းထားသော အကောင့်အမျိုးအစားများကို ပြောင်းလဲခြင်းနှင့် ဖျက်ခြင်း


လက်ရှိထည့်သွင်းထားသော အကောင့်အမျိုးအစားများအား ပြောင်းလဲလိုပါက ဖော်ပြပါ နေရာကို နှိပ်ပေးပါ။




ဖော်ပြပါ လက္ခဏာကိုနှိပ်ပြီး မိမိစိတ်ကြိုက် အကောင့်များကို ပြောင်းလဲနိုင်ပါတယ်။




ပြောင်းလဲပြင်ဆင်လိုတဲ့ အကောင့်အမျိုးအစားရဲ့ ညာဘက်ဒေါင့်လေးကို ဆွဲပြီး ပြင်ဆင်ခြင်း၊ ဖျက်ခြင်းများ ပြုလုပ်နိုင်ပါပြီ




# အဆင့်(၆)


မိမိမှတ်သားထားသော စာရင်းများကို အောက်ပါနေရာများတွင် ပြန်လည်ကြည့်ရှုကာ စာရင်းအသေးစိတ်ကို လေ့လာနိုင်ပါတယ်။

## စာရင်းများပြန်လည်ကြည့်ရှုရန် နေရာများ


နေ့စဉ်





ပြက္ခဒိန်





အပတ်စဉ်




လစဉ်




နှစ်စဉ် (စာရင်းချုပ်)




# အဆင့်(၇)

မိမိမှတ်သားထားသော စာရင်းများကို **status** ထဲမှာ ဝင်ငွေနှင့်ထွက်ငွေ အနည်းအများအလိုက် အောက်ဖော်ပြပါအတိုင်း ဇယားများဖြင့် ပြသထားပါတယ်။

**စာရင်း ဇယား**

ဝင်ငွေ ဇယား






ကုန်ကျစရိတ် ဇယား

# အဆင့်(၈)

မှတ်သားထားသော စာရင်းများရဲ့အသေးစိတ်ပမာဏများ၊ လက်ကျန်ငွေစုစုပေါင်း ပမာဏများကို **Accounts** ထဲတွင် ကြည့်လို့ရပြီး၊ နေ့စဉ်နဲ့အမျှပြောင်းလဲနေတဲ့ နိုင်ငံခြားငွေကြေးဈေးနှုန်းများ၊ ရွှေဈေးများကို **Exchange** ထဲမှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

အကောင့်များ




အိတ်ချိန်းများ

ဝင်ငွေထွက်ငွေစီစစ်ပါ Budget ရွှေတာ “**အသပြာ**”